
mgyoe.com
SAMPLE BOOK

# ကိုယ်တို့ တွဲကြရအောင်

- ခဲတံ -



mgyoe.com

(ပဌမအကြိမ်)

mgyoe.com SAMPLE BOOK



Illustrated By LUNO

ကိုယ်တို့တွဲကြရအောင် ( ခဲတံ )

9 782024 000716

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၇၁)

ပုံနှိပ်မှတ်တမ်း




# ခဲတံ

# ကိုယ်တို့ တွဲကြရအောင်


| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | ♦ | ပဉ္စမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ |
| မျက်နှာဖုံးဒီဇိုင်း | ♦ | **Luno** |
| အတွင်းဒီဇိုင်း | ♦ | နိုင်ဇင်ထွန်း |
| ထုတ်ဝေသည့်အုပ်ရေ | ♦ | ၅၀၀ |
| စာအုပ်တန်ဖိုး | ♦ | ၈၀၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ | ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)<br>အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး<br>ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ်သူ | ♦ | ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)<br>အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ♦ | စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊<br>ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊<br>ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀ |

ခဲတံ
ကိုယ်တို့ တွဲကြရအောင် / ခဲတံ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၆၀၊ ၁၃. ၂၀ စင်တီ × ၁၈. ၂၀ စင်တီ
(၇၁) ကိုယ်တို့ တွဲကြရအောင်


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာစာ

နောက်ဆုံးတော့ ကျွန်တော့်ရဲ့ ပထမဦးဆုံး စာအုပ်လေးကို စာဖတ်သူတွေရဲ့ လက်ထဲကို ထည့်ပေးလိုက်နိုင်ခဲ့ပြီလို့ ထင်ပါတယ်။ ဒါလေးဟာ ကျွန်တော့်ရဲ့ ပထမဦးဆုံး ခြေလှမ်းလေးလို့လည်း ပြောလို့ရမယ် ထင်တာပဲ။

ပထမဦးဆုံး ခြေလှမ်းလေးဖြစ်ခဲ့တာမို့ စစချင်းတော့ နည်းနည်း ပင်ပန်းခဲ့ရတာတွေ ရှိခဲ့တယ်။ ကျွန်တော့်စာဖတ်သူအတွက် အကောင်းဆုံးတွေကိုပဲ ပေးဆပ်ချင်ခဲ့တာမို့ ပင်ပန်းခဲ့ရတာတွေက တန်ပါတယ်။ စာအုပ်လေး ထွက်လာပြီဆိုတော့လည်း ကျွန်တော်ပျော်သွားရတာပါပဲ။

ငယ်ငယ်လေးကတည်းက စာတွေ ရေးရတာကို ကြိုက်ခဲ့တယ်။ ရှစ်တန်းနှစ်လောက်မှာ ကွန်ပျူတာစာစီစာရိုက် ဆိုင်လေးတွေကို သွားရင်း ကဗျာစာအုပ်လေးတွေ ထုတ်ခဲ့ဖူးဘာကို အမှတ်ရသေးတယ်။

တဖြည်းဖြည်း အသက်အရွယ်တစ်ခု ရောက်လာတဲ့အခါ ခံစားရသမျှ ဒဏ်ရာတွေ၊ စိတ်ခံစားချက်တွေကို ပိုပြီး ချရေးဖြစ်လာခဲ့တယ်။ ပိုပြီး စာဖတ်တဲ့သူတွေဆီ ခံစားမှုတိုင်းကို ဝေမျှချင်လာခဲ့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒီလိုနဲ့ပဲ ကျွန်တော် စာလေးတွေ ရေးဖြစ်ခဲ့တယ်ပေါ့။

အခု ကျွန်တော့်ရဲ့ ကိုယ်တို့တွဲကြရအောင် ဆိုတဲ့ စာအုပ်လေးထဲမှာ ဖတ်လိုက်တာနဲ့ စိတ်လေးကို Sweet ဖြစ်စေပြီး ကြည်နူးမှုရစေနိုင်တဲ့ စာလေးတွေကိုလည်း ထည့်ထားပေးတယ်။

တချို့စာလေးတွေကို ဖတ်လိုက်ရင် အကြည်ဓာတ်လေးတွေ ရနိုင်ပြီး တချို့အက်ဆေးလေးတွေကတော့ ကြေကွဲခံစားမှုရသလေးတွေကို ခံစားစေနိုင်မှာပါပဲ။ စာလေးတွေထဲမှာ လွန်ခဲ့တဲ့နှစ်တွေက ကျွန်တော် ရေးသားထားခဲ့ပြီးတဲ့ စာအဟောင်းလေးတွေလည်း ပါသလို ကဗျာအသစ်လေးလည်း ပါဝင်ပါတယ်။

ဘာပဲဖြစ်ဖြစ် စာဖတ်သူရဲ့ ခံစားချက် အချင်းချင်း ထပ်တူညီနိုင်မယ်လို့ ယုံကြည်နေမိတယ်။ ဖတ်လိုက်တဲ့အချိန်လေးမှာ ခံစားမှုရသတစ်ခုခုကိုတော့ ခံစားမိစေနိုင်မှာပါ။

ကျွန်တော့်ရဲ့ ပထမဦးဆုံး အခိုက်အတန့်လေးကို အသက်စသွင်းမိတဲ့ ဒီစာအုပ်လေးမှာ အမှားလေးတွေ ပါကောင်းပါနိုင်ပါလိမ့်မယ်။ အဲဒီအတွက်လည်း ချစ်တဲ့စိတ်လေးနဲ့ ကြည့်ရင်း ခွင့်လွှတ်ပေးနိုင်ဖို့ကိုလည်း ကြိုပြီးတောင်းဆိုထားချင်မိပါတယ်။

*ချစ်ခင်လေးစားစွာဖြင့်. . .*

**ခဲတံ**

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK


# ကိုယ်တို့တွဲကြရအောင်

လူတိုင်းက တစ်စုံတစ်ယောက်ကို
အရင်ဆုံး သဘောကျပြီးတော့မှ
ချစ်သွားကြတာတဲ့...။

သဘောကျရင်း သဘောကျရင်း...
သဘောကျလို့ စတွဲကြရင်း...
တွဲရင်း တွဲရင်း ချစ်သွားတာမျိုးလေးတွေဆို
အများကြီး မိုက်ပါတယ်။

သူ့အကြောင်း ကိုယ့်အကြောင်း
တဖြည်းဖြည်းချင်း သိလာပြီးတော့မှ
ချစ်သွားကြတာ ဘယ်လောက်တောင် ကောင်းလိုက်သလဲ။
သူရဲ့ Dark side
ကိုယ့်ရဲ့ Dark side တွေကို
တဖြည်းဖြည်းချင်း နားလည်ပေးရင်း ချစ်ကြတာဆိုတော့
ခိုင်မာတဲ့ ဆက်ဆံရေးတစ်ခုကို ပိုပေးနိုင်လာမယ်လို့ ထင်တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK

တွဲတာ ကြာလေလေ. . .
ပိုပြီး ချစ်လာလေလေ. . .
သံယောဇဉ်တွေ ပိုတိုးလာလေလေ. . .
တစ်ယောက်နဲ့တစ်ယောက် ပိုပြီးချစ်လေလေ. . .
အဲဒီလိုလေးကို
ကိုယ်အရမ်းသဘောကျတယ်။

ကဲပါ. . . စကားတွေ
ရှည်ရှည်ဝေးဝေး ပြောနေရတာ မောပါတယ်။
ကိုယ်တို့တွေ တွဲကြည့်ကြရအောင်။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK


# Dating

ကော်ဖီဆိုင်ကောင်းကောင်းလေးလည်း
တွေ့ထားသလို
BEER ဆိုင် ခပ်မိုက်မိုက်လေးကိုလည်း
ရှာတွေ့ထားတယ်။

မင်းသာ စိတ်ရှိမယ်ဆိုရင်
အရသာ သိပ်ကောင်းတဲ့ ဟော့ပေါ့ဆိုင်နဲ့
မာလာရှမ်းကောဆိုင်လေးပါ
လိုက်ကျွေးချင်သေးတယ်။

မင်းအကြောင်း. . .
ကိုယ့်အကြောင်း. . .
ချစ်ခြင်းမေတ္တာအကြောင်း. . .
ရောက်တတ်ရောက်ရာ စကားလေးတွေ ပြောရင်း
မင်းနဲ့ ပိုရင်းနှီးသွားချင်ရုံလေးတင်ပါ။

BEER DATE လား ကော်ဖီ DATE လား
အစားသောက် DATE လေးလား
ကိုယ်နဲ့ တစ်ခုခုတော့ DATE ကြရအောင်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# လူတစ်ယောက်ကို အချိန်အကြာကြီး သဘောကျမိခြင်း

လူတစ်ယောက်ကို အချိန်တွေ အကြာကြီး သဘောကျဖူးလား။

တဖြည်းဖြည်းနဲ့ ကာလတစ်ခုကို ရောက်သွားတာတောင် အဲဒီသူက ကိုယ့်ရင်ထဲကနေ ပျောက်ပျက်မသွားဘဲ အချိန်တိုင်း ရှိနေတာမျိုးပေါ့။ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး စကားပြောနေတာလည်း မဟုတ်ဘူး။ ခင်နေတာလည်း မဟုတ်ဘူး။

ဒါပေမဲ့ အဲဒီလူသားလေးကို သဘောကျတာကတော့ သဘောကျနေတာပါပဲ။ သူ့ဆီမှာ ရည်းစားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဲဒါတွေ ကိုယ့်အတွက် ဘာမှအရေးမကြီးဘူး။ ကိုယ်သိတာက သူ့ကို ဒီအတိုင်းလေး ရင်ထဲက သဘောကျနေရရင်ကို အဆင်ပြေနေတာပါပဲ။

သူက ကိုယ်ပိုင်ဆိုင်တဲ့သူ ဟုတ်ချင်မှ ဟုတ်မယ်။ ကိုယ်နဲ့ နီးစပ်ချင်မှ နီးစပ်နိုင်မယ်။ ဒါပေမဲ့လည်း မျှော်လင့်ချက်တွေ မပါဘဲ အကြောင်းပြချက်မရှိ သူ့ကို သဘောကျနေမိတုန်းပဲ။ တိတ်တိတ်လေး ရင်ခုန်ပြီး ကြိုက်နေရတုန်းပဲ။ အချိန်တစ်ခုရောက်သွားတာတောင် သူ့ကို CRUSH နေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK


FEELING လေးက လတ်ဆတ်နေတယ်။

၂ နှစ်၊ ၃ နှစ်၊ ၄ နှစ်၊ ၅ နှစ် . . .

အဲဒီထက်ပိုသွားရင်တောင် CRUSH ရတာကို မမောနိုင်ခဲ့ဘူး။ ကိုယ်နဲ့ သူနဲ့က နီးစပ်ဖို့ မဖြစ်နိုင်မှန်း သိပေမဲ့တောင် အများကြီး သဘောကျတယ်။

သူ့ရဲ့ စိတ်ဓာတ်၊ အပြောအဆို၊ အနေအထိုင်၊ အပြုအမူ၊ ဖြစ်တည်မှု အားလုံးက ကိုယ်သိပ်မြတ်နိုးရတာပါပဲ။ ရှေ့ဆက်ပြီး မတိုးဖြစ်ပေမယ့် အခုရပ်နေတဲ့ နေရာလေးက ကိုယ့်အတွက် ကျေနပ်နေပြီးသား။ ဒီလိုလေး ချစ်ပေးနေရရင်ကို အဆင်ပြေတယ်။

တစ်ခါတစ်ခါကျရင် ကိုယ်မြတ်နိုးရတဲ့သူတစ်ယောက်ကို ရင်ဘတ်ထဲ ပစ်ထည့်ထားလိုက်မိတဲ့အခါ ကျန်တဲ့သူတွေကို မျက်လုံးထဲ မရောက်တော့တာမျိုးတွေ ဖြစ်လာတတ်တယ်တဲ့။ ကိုယ်လည်း အဲဒီလိုပါပဲ။ ကိုယ်သဘောကျတဲ့ လူတစ်ယောက်ကို ရင်ဘတ်ထဲမှာ ကောက်ထည့်ထားရင်း၊ အချိန်တွေ အကြာကြီး သဘောကျမိရင်း Single Life နဲ့ပဲ နေတတ်လာခဲ့တော့တယ်။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# ပိုင်ဆိုင်ချင်သော ချစ်ခြင်းမေတ္တာအကြောင်း

အပျော်တွဲဖို့ ရောက်လာတဲ့သူတွေအတွက်
ကျွန်တော့်ကို
လေးလေးနက်နက် တန်ဖိုးထားပေးမဲ့သူကိုပဲ လိုအပ်တယ်။
ခဏလေး ချစ်ပြပြီး သွေးအေးသွားတာမျိုးထက်
ကျွန်တော့်အပေါ်
တစ်သက်လုံး နွေးထွေးပေးနိုင်မဲ့သူမျိုးပဲ ဖြစ်စေချင်တယ်။

အသစ်ကို မြင်တာနဲ့ အဟောင်းကို မေ့ပစ်တတ်တဲ့သူတွေထက်
ရွေးချယ်စရာတွေ အများကြီးရှိလာရင်တောင်
ကျွန်တော့်ကိုပဲ
မက်မက်မောမော ရွေးချယ်မဲ့သူမျိုးကို ပိုင်ဆိုင်ချင်တယ်။

ဘယ်တော့မှ ကျွန်တော့်ကို မငြိုငြင်မဲ့သူမျိုးပေါ့။
တစ်လောကလုံးနဲ့ တစ်ယောက် ယှဉ်လာရင်တောင်
ကျွန်တော့်ဘက်မှာ ရှိပေးနိုင်မဲ့ သူတစ်ယောက်ပေါ့။
ချစ်တယ်ဆိုတဲ့ စကားကိုလည်း မေးနေစရာ မလိုလောက်အောင်
သေချာနေတာမျိုးကိုပဲ ဖြစ်စေချင်ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK 

# မင်းသိထားတာတွေထက် မင်းကို ပိုချစ်ပါတယ်

တစ်ဘဝလုံးစာမဟုတ်ရင်တောင် ကံပါသလောက်အထိ ချစ်ပေးမယ်မဟုတ်လား။ ရှင်းရှင်းပြောရရင် ချစ်ခြင်းမေတ္တာနဲ့ပတ်သက်လာရင် ကိုယ်ဟာ အတ္တကြီးတယ်။ ကိုယ်ပေးနိုင်သမျှ မကြွင်းချန်သော အချစ်တွေ အားလုံးဟာလည်း မင်းတစ်ယောက်တည်းအတွက်ပဲ ဖြစ်သလို မင်းပိုင်ဆိုင်သမျှ အချစ်တွေအားလုံးကိုလည်း ကိုယ်ပဲ အပိုင်လိုချင်မိတာမျိုး။

ကိုယ်ဟာ မင်းတစ်ယောက်တည်းအတွက်ပဲ တည်ရှိနေတာမို့လို့ မင်းနဲ့ပတ်သက်လာသမျှ ချစ်ခြင်း၊ မုန်းခြင်းတို့ကို ကိုယ်တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တာ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ ဖြစ်တည်မှုတိုင်းကို ချစ်ပေးပါ။ ကိုယ့်ရဲ့ အတက်အကျဖြစ်လွယ်သော ကိုယ့်ရဲ့ စိတ်လေးကို နားလည်ပေးပါ။ ကိုယ့်ရဲ့ လူကြီးဆန်ဆန်နေတတ်တာလေးကို ချစ်သလို တစ်ခါတလေ ကလေးဆန်သွားတတ်တာလေးကိုလည်း မြတ်နိုးပေးပါ။

တစ်ခါတလေ လိမ္မာအောင် နေပေမယ့် တစ်ခါတလေ ဆိုးမိတာလေးတွေကိုလည်း စိတ်ပျက်မသွားဘဲ နားလည်ပေးပါ။ ကိုယ်ဟာ ဘုကန့်လန့်နိုင်တယ်။ ခေါင်းမာမာနဲ့ ဂျစ်ကန်ကန်လေးဆိုပေမယ့် မင်းပြောတဲ့စကားကိုတော့ နားထောင်ပါတယ်။

မင်းကိုချစ်လို့ ဆိုးမိတာလေးတွေ ရှိကောင်းရှိနိုင်ပေမယ့် မင်းကိုတော့ အဆုံးရှုံးမခံနိုင်ပါဘူး။ မင်းသိထားတာတွေထက် မင်းကို အများကြီး ပိုချစ်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

## ဖြစ်တည်မှုတွေတိုင်းကို နားလည်ပေးနိုင်မယ့်သူ

ထုတ်သာမပြမိတာ တစ်ခါတစ်ခါ တစ်ယောက်တည်း အားငယ်ရတဲ့ အခိုက်အတန့်တွေက ကိုယ့်မှာ အများကြီးပဲ။ အမြဲလိုလို တစ်ယောက်တည်းပဲ အထီးကျန်နေခဲ့ရတဲ့ လူသားတစ်ယောက်ဖြစ်ခဲ့ရတာမို့ ကိုယ့်ရဲ့ခံစားချက်တွေကို နားလည်နှစ်သိမ့်ပေးနိုင်မယ့် တစ်စုံတစ်ဦးတစ်ယောက်ကို သိပ်လိုချင်ခဲ့မိတာ။

ကိုယ့်ရဲ့ဖြစ်တည်မှုတိုင်းကို ဘယ်တော့မှ ပျင်းရိမသွားတဲ့ လူသားလေးပေါ့။ ကိုယ့်အပေါ် ဆိုရင် ဘယ်တော့မှ စိတ်ပျက်မသွားဘဲ လိုအပ်နေတဲ့ အချိန်တိုင်း ဘေးမှာ ရှိနေပေးတာမျိုးလေးပေါ့။ အဲဒီသူဟာ ကိုယ်ချစ်ရတဲ့သူ တစ်ယောက်လည်း ဖြစ်ချင်ဖြစ်နိုင်မယ်။ ကိုယ့်ရဲ့ သူငယ်ချင်းတွေထဲကလည်း ဖြစ်ချင် ဖြစ်နိုင်မယ်။

သေချာတာတစ်ခုက သူဟာ ကိုယ့်ရဲ့ DARK SIDE တွေကို ဟားမတိုက် မရယ်မောဘူး။ အားနည်းချက်အဖြစ် အသုံးမချဘူး။ ကိုယ့်ရဲ့ စိတ်ခံစားချက်ကို အစကနေ အဆုံးအထိ သိနေတာမို့ ကိုယ့်ဘက်က ဆိုးမိတဲ့ အခိုက်အတန့်တွေမှာတောင် ရယ်ရယ်မောမောနဲ့ ခွင့်လွှတ်ပေးနိုင်မှာ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK 

## နေရာသတ်မှတ်ချက်တွေက အဓိကမကျပါဘူး

ပထမလူပဲဖြစ်ဖြစ် ဒုတိယလူပဲဖြစ်ဖြစ် တတိယလူပဲဖြစ်ဖြစ် နေရာသတ်မှတ်ချက်တွေဟာ အရေးမကြီးပါဘူး။ အဓိကက အဲဒီသူဟာ ကိုယ့်အပေါ် တကယ်ချစ်ပေးနိုင်ရဲ့လား။ တန်ဖိုးထားနိုင်ရဲ့လား။ ကိုယ့်အပေါ် နားလည်မှုတွေ ပေးနိုင်ရဲ့လားဆိုတာကပဲ အဓိကကျတာပါ။

အရင်တုန်းက ဘယ်သူနဲ့ ချစ်ခဲ့လဲ၊ အချစ်ဦးက ဘယ်သူလဲဆိုတာထက် အခုအချိန်မှာ ကိုယ်ဟာ ဘယ်သူနဲ့ ချစ်နေတယ်ဆိုတာက ပိုအရေးကြီးဆုံးပါ။ လက်ရှိအချိန်မှာ ချစ်ပေးနေတဲ့ ကိုယ့်ချစ်သူဟာ ကိုယ့်အပေါ် ကောင်းပေးနေရင်ကို ရပါပြီ။

ကိုယ့်ကို ချစ်တဲ့သူ၊ ကိုယ့်ကို တန်ဖိုးထားပေးတဲ့ လူရဲ့ လက်ထဲမှာပဲ နေထိုင်ရတာက ကိုယ့်အတွက် ပျော်ရွှင်မှုတွေ အများကြီးဖြစ်တည်ပါတယ်တဲ့။ အတိတ်မှာ ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့၊ အဆုံးသတ်မှာ ကိုယ်နဲ့အတူ ရှိပေးပြီး ကိုယ့်ကို တန်ဖိုးထားပေးတဲ့သူဟာ ကိုယ့်ဘဝအတွက် အစစ်မှန်ဆုံး အဖော်မွန်ပါပဲ။ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လောက်ပဲ နှစ်တွေ အကြာကြီးချစ်ခဲ့ပါစေ၊ အဆုံးသတ်မှာ ကိုယ်နဲ့ အတူတူရှိချင်မှ ရှိတတ်ကြတာ မဟုတ်လား။

ဘယ်လောက်ပဲ ခွဲလို့မရအောင် ချစ်တဲ့ Relationship တစ်ခုဖြစ်နေပါစေ၊ နောက်ဆုံးအချိန်မှာ လက်တွဲရမယ့်သူဟာ အဲဒီလူဖြစ်ချင်မှ ဖြစ်မှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့် အတိတ်မှာ ဘယ်သူတွေနဲ့ပဲ ချစ်ခဲ့ ချစ်ခဲ့၊ အဆုံးသတ်မှာ ကိုယ်နဲ့ အတူတူရှိနေရင် အဆင်ပြေနေပါပြီ။ ကိုယ့်ကို ချစ်ပေးနေရင်ကို ရပါပြီ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK 

# Korea World

(၁)

ကိုယ်ချစ်တဲ့ ကောင်မလေးက K popper မ၊ K drama တွေကို မဟားတရားကြည့်ပြီး ကိုရီးယားရူး ရူးနေတော့လည်း ကိုယ့်မှာ သူ့အတိုင်း လိုက်ပြီး ဖောရှောလုပ်ရတော့တာပေါ့။ ရည်းစားမဖြစ်ခင်က ရည်းစားစကား ပြောတာတောင် ကိုရီးယားလို ရည်းစားစကား ပြောတတ်မှဆိုလို့ ကျွန်တော့် မှာ တိုင်တွေ ပတ်လိုက်သေးတာ။ နောက်ဆုံး ကိုရီးယား Drama ၅ ကား လောက် အပြန်ပြန်အလှန်လှန် ကြည့်ပြီးတဲ့အချိန်မှာတော့ သူ့ကို ချစ်ရေးဆို နိုင်ခဲ့တယ်။

"နာ. . . နော်မူဂျာဟွာဟယ်. . .၊ ဆာရားငယ်ရော. . . မားညီး မားညီး ဆားရားငယ်. . .၊ ဂျင်းဂျား ဆားရားငယ်. . .၊ ဆားရားငယ်သား ကွန်. . ."

ကိုယ့်မှာ ဒူးထောက်ပြီး ရည်းစားစကားပြောလိုက်တာ ငတိမလေး မျက်ရည်တွေပါ ဝဲပြီး ပြန်ကြွေရော။ အဲဒီမှာတင်. . .

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟူ ဒီ ဆန်းကီးဂျာ (ငါတို့ တွဲကြမယ်) တဲ့"

အဲဒီအချိန်က ဘည်းက ကိုယ်တွေ ရည်းစားဖြစ်ရင်း သူ့ကို အကြောင်းပြပြီး ကိုရီးယားလောကကြီးထဲမှာ ကျင်လည်ခဲ့ကြတယ်။

❑

(၂)

သူ ဒေါ်ဂျီလုပ်သမျှကိုလည်း ခွင့်လွှတ်ပေးရတာပါပဲ။ ကိုယ်က သူ့ကို ချစ်တာကိုး။ သူ့ကိုချစ်တာလည်း သူချစ်တဲ့ သူ့ Idol တွေ ကိုယ့်မှာ Support ပေးရတာပေါ့။ သူ့အိုပါးတွေ ဘယ်လိုချောကြောင်း၊ ဘယ်လိုမိုက်ကြောင်း ပြောနေလည်း ကိုယ့်မှာ သဝန်မတိုရတော့ပါဘူးလေ။ သူ့ကိုချစ်တဲ့စိတ်လေးနဲ့ နားထောင်ပေးရတာပါပဲ။

တစ်ခါတစ်ခါ K drama တွေလည်း အတူတူ ထိုင်ကြည့်ပေးနေရသေးတယ်။ သူနဲ့ ဇာတ်လမ်းကြောင်းကို ဆွေးနွေးခိုင်းတာဗျ။ အစကဆို ကိုရီးယား သိပ်ကြည့်တာမဟုတ်ဘူး။ ကိုယ်ကြည့်တာ အိန္ဒိယကားပဲ ရှိတယ်။ နောက်ဆုံး သူကြည့်ခိုင်းလို့ လိုက်ကြည့်ရင်း ကိုယ်ပါ ကိုရီးယားကား စွဲလာရော။

(ဒီမှာတင် မိန်းကလေးတွေ ဘာကြောင့် ကိုရီးယားကားကို ကြိုက်သလဲ၊ ဘာကြောင့် ကိုရီးယားမင်းသားတွေဆို အရူးအမူးဖြစ်သလဲဆိုတာကို သိလိုက်ရတယ်။ ကိုရီးယားကားဆိုတာ ကြည့်ရင်းကြည့်ရင်း စွဲလာတာဗျ။ မင်းသားတွေကလည်း ချစ်တတ်လိုက်ကြတာ ပြောမနေနဲ့။ ကမ္ဘာ့အရှိနိုင်ဆုံး ဆုပေးမယ်ဆိုရင် ကိုရီးယားမင်းသားနဲ့ မင်းသမီးတွေကို ပေးရလိမ့်မယ်။)

K drama တွေ ကြည့်တာတော့ ကြည့်တာပေါ့ဗျာ။ ဒါပေမဲ့ တစ်ခါတစ်ခါ ဇာတ်ကားထဲကအတိုင်းတွေ လိုက်လုပ်ခိုင်းတာတော့ ကိုယ့်မှာ မသက်သာဘူး။ တစ်ခါကတည်း သူ့အိမ်ကို လိုက်ပို့နေရင်းနဲ့ အိုပါး ကျောပိုးပေးတဲ့။ ကျွန်တော့်မှာ လန့်သွားရတယ်။ သူ့အကြောင်း ကျွန်တော်သာ အသိဆုံးကိုး။

သင်းက လူသေးသလောက် အစားပုပ်မ။ အလေးချိန်ကလည်း နည်းတာမဟုတ်ဘူး။ အဲဒီမှာတင် သူ့ကို ကုန်းမပိုးရကောင်းလားဆိုပြီး ကောက်ပါလေရော။

mgyoe.com

mgyoe.com SAMPLE BOOK


"အားရာစော (ကောင်းပါပြီ) နင်က ငါ့ကို တကယ်မချစ်ပါဘူး။ နည်းနည်းလေးမှ မရှိတတ်ဘူး။ နင်ချစ်တာ ငါ့အိုပါးရဲ့ ခြေဖျားတောင် မမီဘူး"တဲ့။

ပြောလိုက်တာများ ရစရာကို မရှိဘူး။

နောက်ဆုံး ကျွန်တော်ကပဲ. . .

"မိရားနယ်"ဆိုပြီး တောင်းပန်ရင်း ကုန်းပိုးပြီး အိမ်ပို့ရတာ ခါးတောင်ကျိုးပြီလား အောက်မေ့တယ်။

❑

(၃)

ခက်တာက သူတင် ကိုရီးယားရှူး ရှူးနေတာမဟုတ်ဘူးဗျ။ သူနဲ့ပေါင်းတဲ့ သူ့သူငယ်ချင်းတွေကပါ သူ့အတိုင်းတွေ။ သူတို့ သူငယ်ချင်းအချင်းချင်းတွေ့လည်း. . .

"အိုမို. . . ချင်းဂူးယာ. . . နာ. . . ဘိုဂိုရှိဖော်"

"ဂျင်းဂျာ. . . နာတူး နာတူး ဘိုဂိုရှိဖော်"

ဆိုပြီး ပြေးပြေးဖက်ကြတာ။ သူတို့ချင်းတော့ ဟုတ်နေတာပဲ။ အရှူးအရှူးချင်းတွေ့တော့ နားအေးရော။

တစ်ခါကဆို ငတိမလေးက သူ့သူငယ်ချင်းတွေကြားထဲ သူ့ဖိနပ်ကြိုးကြီး ဖြေချပြီး. . .

"အိုပါး. . ဟွန်း ဟွန်း. . . "ဆိုပြီး မေးငေါ့ပြတယ်။

ကျွန်တော့်ကို ဖိနပ်ကြိုးချည်ပေးဆိုတဲ့ သဘောပေါ့။

ကျွန်တော်လည်း ဒူးထောက်ပြီး ဖိနပ်ကြိုး ချည်ပေးရရော။

အဲဒီမှာတင် သူ့ဘေးမှာရှိနေတဲ့ သူငယ်ချင်းတွေက

"အို့မို ခီရောခဲ. . . ဓိရော. . .၊ အားရီးကူး ဒယ်ဗား ဒယ်ဗား (မိုက်တယ် မိုက်တယ်)" လုပ်တော့တာ။

အဲဒီမှာတင် ငတိမက

"အိုးပါး. . . နော်မူဆားရားငဲ"လို့ ကျွန်တော့်ကို ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်ကလည်း ပြန်ပြီးတော့
"နာတူး ဆားရားငယ်"လို့ ပြောရတာပေါ့။
အဲဒီမှာတင် သင်းလေးက မျက်ရည်လေးသုတ်ရင်း. . .
"အိုပါး ဘယ်တော့မှ ခါချီမား (ထားမသွား)နဲ့နော်"တဲ့။
ကျွန်တော်လည်း သူ့ခေါင်းလေးကို ဖွဖွလေး ပုတ်ရင်း. . .
"ဘာလို့ ချအိုးမားရမှာလဲ ဖာဖု (အရူးမလေး)ရဲ့"လို့ ပြောလိုက်ရတယ်။
ဒီလိုပါပဲ၊ ကိုရီးယားအရူးမလေးတွေကို ချစ်ရတာကလည်း အူယားဖို့ ကောင်းပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK 

# အနာဂတ် Plan

ကိုယ်နဲ့ မင်းနဲ့ ချစ်ကြတယ်ဆိုပါစို့။ အနာဂတ်တွေကို စိတ်ကူးနဲ့ ပုံဖော်ရင်း အိပ်မက်လေးတွေကို အတူတူတည်ဆောက်ကြတာပေါ့။ အရင်ဆုံး ဟိုးအရှေ့အရပ်က တောင်တန်းဒေသတွေကနေ ဟိုးအောက်အရပ်က ပင်လယ်ပြာတွေအထိ ခရီးတွေ အတူတူထွက်ကြရအောင်။

ပုဂံရောက်လို့ ဘုရားအတူတူဖူးတဲ့အခါ ကိုယ်ဟာ မင်းရဲ့ Personal Photographer မင်းဟာ ကိုယ့်ရဲ့ Personal Model။ လှပတဲ့ ရှုခင်းလေးကို သက်သေပြုရင်း ကိုယ်တို့နှစ်ယောက်ရဲ့ Relationship Goal လေးကို အသက်သွင်းကြမယ်လေ။ လောကဓံတွေကြားမှာ စိတ်တူကိုယ်တူနဲ့ ဘဝကို ရုန်းကန်ကြရင်း အေးအတူ ပူအမျှပေါ့။

စိတ်ညစ်စရာတွေအတွက် ထပ်တူကျနေတဲ့ ရင်ဘတ်တစ်စုံရှိတာမို့ လောကဓံကို ဖြတ်ကျော်နိုင်မယ်လို့ ကိုယ်ယုံကြည်တယ်။ နှစ်ယောက်သားလက်တွဲထားရင် အခက်အခဲတွေ ရင်ဆိုင်လို့ရပြီ။ နားလည်မှုလေးတွေ ထားရင် သံယောဇဉ်တွေ ပိုခိုင်မာပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

ရွေးချယ်စရာတွေ အများကြီးရှိနေရင်တောင် မင်းကိုပဲ ရွေးချယ်မယ်။ မင်းကိုပဲ ပိုင်ဆိုင်ချင်တယ်။ ခဏလေး ဘဝထဲ တိုးဝင်လာမယ့်သူ မဟုတ်ပါဘူး။ တစ်ဘဝလုံးအတွက် မင်းဆီမှာ အခြေချနေထိုင်မလို့ပါ။

"အသက်တွေ ကြီးလာတာတောင် ဒီအဘွားကြီးဟာ သိပ်ကို ချစ်ဖို့ကောင်းနေတုန်းပဲ"ဆိုတဲ့ စကားလေးကို မင်းကိုပဲကြည့်ပြီး ပြောချင်နေသေးတာ။ ဒီအဘိုးကြီးရဲ့ လက်မောင်းအိုလေးဟာ ဒီအဘွားကြီးက အိပ်တဲ့အချိန် ခေါင်းအုံးလို့ရတဲ့အထိတော့ သန်မာနေပါသေးတယ်။

ကိုယ့်အချစ်တွေနဲ့ မင်းကို ပျော်စေချင်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK


## မင်းက ငပေါလေးလုပ်ဖို့ပဲ ထိုက်တန်တယ်

နေတတ်သလိုနေပါ ကလေးရေ. . .

မင်းလေးအတိုင်းပဲ မင်းနေပါ။ ပေါတောတောလေးတွေ ထထလုပ်နေရင်တောင် အဲဒီကလေးဆန်ဆန်ပုံစံလေးက ကိုယ့်အတွက် ချစ်ဖို့ကောင်းစရာ ဖြစ်နေပြီးသားပါ။

ဖြစ်နိုင်ရင် အဲဒီမျက်နှာလေးကို မာမာထန်ထန်ကြီး ပြောင်းလဲပစ်တတ်တာကို ချော့ပေး။ မင်းမျက်နှာလေးက ပြောင်တိပြောင်စပ်လေးနဲ့ပဲ ပိုပြီး ချစ်ဖို့ကောင်းနေတာမို့လေ။ မင်းသူငယ်ချင်းတွေနဲ့ဆို မင်းက ပေါပေါလေး နေတတ်တာ ကိုယ်သိပ့်။ စကားကို အာကျယ်အာကျယ်လေးနဲ့ မလွတ်တမ်းပြောလည်း ရတယ်။ ရယ်စရာဆိုလည်း အာပြဲလေးနဲ့ ရယ်နေရင်လည်း ဖြစ်တယ်။ ကိုယ့်နှလုံးသားကို အသေသတ်မဲ့ လက်နက်လေးတစ်ခုက မင်းရဲ့ အပြုံးလေးဖြစ်နေတဲ့အတွက် မင်းရဲ့ ဖြစ်တည်မှုတိုင်းကို ကိုယ်ကြိုက်တယ်။

ကိစ္စတစ်ခုကို ပျော်ပျော်နေရင်းနဲ့ပဲ ဖြေရှင်းပါ။ ခေါင်းရှုပ်စရာတွေ ခေါင်းထဲ မထည့်ပါနဲ့။ ဝမ်းနည်းစရာ ကြုံလည်း ငိုမနေပါနဲ့။ ခပ်ပျော်ပျော်လေး

mgyoe.com

mgyoe.com SAMPLE BOOK

နေပြီးတော့ပဲ ဘဝကိုဖြတ်သန်းပါ။ ကိုယ်ပေးတဲ့မေတ္တာနဲ့ မင်းဘဝတစ်ခုလုံး လုံခြုံပါစေ။

အခုအထိ ကလေးစိတ် မကုန်သေးတဲ့ ကောင်မလေး. . .

အရွယ်နဲ့မလိုက်အောင် စိတ်ဒဏ်ရာတွေ ပြည့်နေခဲ့တဲ့ ကောင်မလေး အမြဲတမ်း ပျော်ပျော်နေတတ်တဲ့ မျက်နှာဖုံးလေး နောက်ကွယ်မှာ ထစ်ခနဲရှိရင် စိတ်အားငယ်တတ်တာရော၊ စိတ်ကောက်လွယ်တာရော၊ မျက်ရည်ကျလွယ်တာရော၊ ဝမ်းနည်းလွယ်တာတွေရော ရှိနေတတ်တာကို ဘယ်သူမှ မသိပေမယ့် ကိုယ်သိပါတယ်ကွယ်။ ဒါကြောင့် ဂရုစိုက်ပေးပါ့မယ်။ ချစ်ပေးပါ့မယ်။ မာကျောခက်ထန်ချင်ယောင် မဆောင်ပါနဲ့ကွာ။

မင်းက တည်ငြိမ်သူကြီးလုပ်ဖို့ မကောင်းပါဘူး။ မင်းနှလုံးသားလေးဟာ အခုအထိ သိပ်နူးညံ့ပြီး ကလေးဆန်နေတတ်တာ ကိုယ်သိတာပေါ့။ ပြီးတော့ မင်းက မျက်နှာခပ်တည်တည်ကြီးနဲ့လည်း မလှဘူး။

အမြဲတမ်း Active ဖြစ်ပြီး ပျော်ပျော်လေးပဲ နေပါ။ အမြဲတမ်း သူငယ်ချင်းတွေကို စလိုက်၊ နောက်လိုက်နဲ့ပဲ နေပါ။ ရင့်ကျက်တည်ငြိမ်တယ်ဆိုတာ ဟန်ဆောင်ကောင်းခြင်းတစ်မျိုးတဲ့။ မင်းအတွက်က တည်ငြိမ်နေဖို့ မလိုပါဘူး။ မင်းက ငပေါလေးလုပ်ဖို့ပဲ ထိုက်တန်တယ်။ ငပေါလေး လုပ်နေရင်ကို မင်းက ချစ်ဖို့ကောင်းတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK


## စိတ်ထားကောင်းကောင်းထားရင် အချစ်ရေးမှာ ကံကောင်းပါတယ်

စိတ်ထားကောင်းကောင်း ထားတတ်ရင် အချစ်ရေးမှာလည်း ကံကောင်းတတ်တယ်တဲ့။ ဘယ်သူ့ကိုပဲချစ်ချစ် စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာနဲ့ပဲ ချစ်ပေးလိုက်ပါ။ တစ်ယောက်တည်းနဲ့ပဲ လုံလောက်ပြီး တစ်ယောက်တည်းကိုသာ သစ္စာရှိရှိ မြတ်နိုးပေးလိုက်ပါ။ စိတ်ရင်းမှန်မှန်ထားတတ်တဲ့ စိတ်ကြောင့်၊ ဘယ်သူ့အပေါ်မှ CHEATING မလုပ်တတ်တဲ့စိတ်ကြောင့် မင်းအပေါ် အရမ်းကောင်းပေးနိုင်တဲ့ RIGHT PERSON နဲ့ တွေ့လာမှာပါ။ စိတ်ထားကောင်းကောင်းထားတာလေးကြောင့် ကံလည်း ကောင်းလာမှာပါ။

"စိတ်ထားကောင်းကောင်းထားပေးရင်း ချစ်ပေးနေတာပဲ၊ အဲဒါကို ဘာလို့ ကိုယ့်အပေါ်မှာ မကောင်းတဲ့သူတွေနဲ့ပဲ အမြဲတွေ့နေရတာလဲ" ဆိုပြီး မေးနိုင်စရာ ရှိပါတယ်။ မင်းနဲ့ မထိုက်တန်လို့ပေါ့။ မင်းနဲ့ အကောင်းဆုံး ထိုက်တန်မဲ့သူနဲ့ တွေ့လာမှာမို့ မင်းအပေါ် မကောင်းတဲ့သူတွေနဲ့ ဝေးရတာ။ အဲဒါလေးကိုတော့ ယုံကြည်ထားပေး။

စိတ်ရင်းမှန်မှန်နဲ့သာ ချစ်ပေးတတ်တဲ့ စိတ်လေးကိုသာ မွေးမြူထားနိုင်အောင် လုပ်။ မင်းရဲ့မေတ္တာကို ခံယူနိုင်စွမ်းရှိတဲ့သူနဲ့ အနေးနဲ့အမြန် ဆုံတွေ့လာဦးမှာ အသေအချာပါပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

ပိုင်ဆိုင်ဖို့ကိုလည်း
မစဉ်းစားတော့ပါဘူး
စိတ်အနှောင့်အယှက်မဖြစ်စေဘဲ
အဝေးက ချစ်ပေးနေမိမှာ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK



## ဘာမှမဖြစ်သလို ဟန်ဆောင်ပြီး မနေပါနဲ့တော့

"ဘာမှမဖြစ်ပါဘူး။ အဆင်ပြေပါတယ်"လို့သာ မင်းက ဖြေနေတာ။ မင်း တစ်ခုခုဖြစ်နေပြီမှန်း အစ်ကိုက သေသေချာချာ သိတယ်။ မင်းစိတ်ကို အစ်ကိုက ဖတ်တတ်တာပေါ့။ မင်းဆိုတဲ့ ကောင်မလေးက စိတ်ညစ်စရာကိစ္စတွေ ကြုံတိုင်း တစ်ယောက်တည်းပဲ ကျိတ်ခံစားချင်တာ။

မင်းချစ်ရတဲ့သူတွေအတွက်ဆိုရင် ပျော်စရာလေးတွေကိုပဲ မျှဝေပေးချင်တာ။ ဝမ်းနည်းစရာတွေ့တိုင်း မင်းချစ်ရတဲ့သူတွေကို ပေးသိရမှာ အရမ်းအားနာတတ်တဲ့သူ မဟုတ်လား။

အမြဲသန်မာသလိုမျိုး ဟန်ဆောင်ကောင်းနေတတ်ပေမယ့် ဘယ်သူမှ မမြင်နိုင်တဲ့ ထောင့်လေးတစ်ခုမှာ ပြိုလဲတဲ့အခါတိုင်း အမြဲငိုနေတတ်တာ အစ်ကိုသိပါတယ်။ မင်းကို အရမ်းလည်း သနားမိသလို ငေါက်လည်း ငေါက်ချင်မိတယ်။

အမြဲတမ်းလိုလို အဆင်မပြေတာတွေ ရှိနေတာတောင် အဆင်ပြေချင်ယောင် ဆောင်နေတတ်လွန်းလို့။ ဘာမှမဖြစ်သလိုမျိုး ရယ်မောပြနေတုန်း

mgyoe.com

mgyoe.com SAMPLE BOOK

မို့။ ပျော်စရာတွေ မရှိတော့တာတောင် ပျော်နေတဲ့ပုံစံမျိုး ဖမ်းတတ်လွန်းတဲ့ ကောင်မလေးပဲ။

နောက်ဆိုရင် ဘာမှမဖြစ်သလိုမျိုးပဲ ဟန်ဆောင်နေတုန်းပဲဆိုရင် ကိုယ်ငေါက်ရတော့မယ်ကွယ်။

တစ်ယောက်တည်း ခံစားရတာများရင် ပိုပြီး နာကျင်ရတတ်တယ်။ တစ်ခုခု မင်းဖြစ်နေတဲ့အခါ မင်းချစ်ရတဲ့သူတွေကိုတော့ ပေးသိရမှာပေါ့။ တစ်ယောက်နဲ့တစ်ယောက် တည်ရှိနေတယ်ဆိုတာ အခုလို မျှဝေခံစားဖို့ပဲ မဟုတ်လား။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK


# ရုတ်တရက် ရှာဖွေတွေ့ရှိတာကလည်း အချစ်ပါပဲ

ဘာဖြစ်လို့ သဘောကျတာလဲ မေးလာရင် ဖြေစရာ အဖြေမရှိပါဘူး။ မထင်မှတ်ထားတဲ့ အချိန်လေးမှာပဲ နှလုံးသားထဲကို မတော်တဆ ဝင်ရောက်လာခဲ့ရင်း ကြိုက်မိသွားတယ် ထင်တာပါပဲ။

ကိုယ်စဉ်းစားကြည့်ခဲ့ဖူးတယ်။ ဒီလူသားလေးဟာ အရမ်းလည်း မက်လောက်စရာ မရှိပါဘူးပေါ့။ အဲဒါကို ဘာလို့များ ဒီလောက်အထိ သဘောကျသွားရတာပါလိမ့်။ အခုများတော့လေ သူနေတတ်သလို နေတဲ့ ပုံစံလေးကိုက အစ သဘောကျနေရတယ်။ ကြွေနေရတာပါပဲ။

ဘယ်လောက်ပဲ ကိုယ့်ကို ချေနေပါစေ။ ချေနေတာလေးကိုက အစ ကြိုက်တယ်၊ သူ့အပြုံးလေးတွေကို မြင်နေရတာဟာ ကိုယ်မရှာဘဲ တွေ့ခဲ့ရတဲ့ အိုအေစစ်လေးပါပဲလေ။

တကယ်တော့ လူတစ်ယောက်ကို သဘောကျမိသွားတယ်၊ ချစ်မိသွားတယ်ဆိုတာ အကြောင်းပြချက် မလိုပါဘူး။ မထင်မှတ်ထားမိလိုက်ခင်လေးမှာလည်း ချစ်သွားနိုင်တာပါပဲ။ ဒီအတိုင်းလေး နေရင်းနဲ့လည်း ကြိုက်သွားနိုင်တာပါပဲ။

မမျှော်လင့်ထားဘဲ ရုတ်တရက် ရှာဖွေတွေ့ရှိသွားခြင်းကလည်း ချစ်ခြင်းပဲ မဟုတ်လား။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်တော့်ရင်ခွင်မှာတော့ ချစ်ပြတတ်မှ ရပါမယ်

ကျွန်တော်က ချစ်ပေးရတာလည်း ကြိုက်သလို အချစ်လည်း ခံချင်ပါတယ်။ တစ်စုံတစ်ယောက်ကို ချစ်မိသွားတဲ့ နေ့ကျရင် အဲဒီသူကို ချစ်ပြမှာ။ ကျွန်တော့်မေတ္တာတွေနဲ့ သူ့ကို နွေးထွေးစေမှာ။ အချစ်ခံရတာ ဒီလိုပဲလား ဆိုတဲ့ အတွေးတွေ ဝင်လာအောင် သူ့ကို ချစ်ပေးမိမှာ။

ပြီးတော့ ကျွန်တော်လည်း သူ့ဆီကနေ မက်မက်မောမောနဲ့ အချစ်ခံမယ်၊ ချစ်မပြတတ်တာတွေ၊ ထုတ်မပြတတ်တာတွေ၊ ကျွန်တော့်ရင်ခွင်မှာ တော့ လက်မခံပါဘူး။

ကျွန်တော်ကလည်း ချစ်မယ်။ သူချစ်တာကိုလည်း ကျွန်တော်ခံမယ်။ ကျွန်တော်ကလည်း ဂရုစိုက်ချစ်သလို သူ့ဘက်ကလည်း ကျွန်တော့်ကို ဂရုစိုက် ပေးတာကို လိုချင်တယ်။

တစ်ယောက်တည်းသွားပြီး တစ်ယောက်တည်းကပဲ ပြန်လာနေရရင် အဲဒီဆက်ဆံရေးကို ကျွန်တော် ပြန်စဉ်းစားမယ်။ လက်လွှတ်သင့်ရင် ကျွန်တော် လက်လွှတ်မှာပါပဲ။

ဒါကြောင့် ကျွန်တော့်ရင်ခွင်မှာတော့ ကျွန်တော့်ကို ချစ်ပြပေးစေချင်တယ်။ ကျွန်တော်က အချစ်ခံရတာကို ကြိုက်ပါတယ်။ ပြီးတော့ ကျွန်တော် ကိုယ်တိုင်လည်း ချစ်ပေးရတာကို ကြိုက်တယ်။ ကျွန်တော်က ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတတ်တဲ့သူရဲ့ လက်ထဲမှာပဲ နေမှာပါ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK 

ရှေ့ဆက်မတိုးတော့ဘူးဆိုတာ
မချစ်တော့လို့မှ မဟုတ်တာ။
တစ်ခါတလေကျရင်
တစ်ဖက်ကသူ အဆင်မပြေမှာစိုးလို့
ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးလို့
အားနာနာနဲ့ နောက်ဆုတ်ပေးခဲ့ရတာလည်း ရှိပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ့်စိတ်က တစ်မျိုးပါ

ကိုယ့်စိတ်က တစ်မျိုးပါ၊ ကိုယ်ဟာ တော်ရဲ့ ကိုယ့်စိတ်ထဲမှာ မရှိဘူးဆိုရင် အဲဒီလူတစ်ယောက်ကို စကားတွေ စပြောတတ်တဲ့သူ မဟုတ်ပါဘူး။ ကိုယ့်ဘက်က စကားတွေ စပြောနေပြီဆိုရင် အဲဒီလူဟာ ကိုယ့်ရင်ထဲမှာ ရှိနေပြီဆိုတာ ၁၀၀% ပါပဲ။

တစ်ခုတော့ရှိတယ်။ ကိုယ်ဟာ အတွေးများတယ်။ ကိုယ့်ကို မလိုလားတဲ့ အရိပ်အယောင်တွေ ပြလာရင်တော့ စိတ်အနှောင့်အယှက်မဖြစ်အောင် နေပေးလိုက်တယ်။ အလိုက်သိပေးလိုက်တာပေါ့။

မေတ္တာမှန် ရောင်ပြန်ဟပ်တယ်ဆိုပေမယ့် လူတစ်ယောက်ကို ကိုယ့်ဘက်က ပေးတိုင်း အဲဒီတစ်ယောက်ဆီက ပြန်ရမယ်လို့ မမျှော်လင့်ရက်ပါဘူး။ ကိုယ့်ကို ပြန်မချစ်ရင်တောင် ဒီအတိုင်းလေး ချစ်ပေးလိုက်ရတာကိုပဲ စိတ်ကျေနပ်နေတတ်တာပါ။ မပိုင်ဆိုင်ဘူးဆိုရင်လည်း အဲဒီကြယ်လေးကို ဒီအတိုင်းလေး ဝေးကြည့်နေရုံပေါ့။ အဝေးကနေ ချစ်ပေးတဲ့ နေရာမှာလည်း ကိုယ်ဟာ တော်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK 

## သော့မခတ်ထားခဲ့သော တံခါးလေး

တုတ်မရှိ၊ ဓားမရှိ
မင်းဝင်လာလို့ ရအောင်
ဖွင့်ထားတဲ့ တံခါးချပ်လေးတွေပါကွယ်။

မင်းပိုင်ခဲ့ဖူးတဲ့ နယ်မြေလေးကို
ပြန်လာခွင့်က အပြည့်အဝရှိနေပါတယ်။

မင်းအတွက် ပျိုးထားခဲ့တဲ့ ပန်းပွင့်လေးတွေပါ။
မင်းကလွဲပြီး ဘယ်သူကမှ ဆွတ်ခူးခွင့်မရှိတာမို့
မင်းမှ ပြန်ပြီး မဆောင်ယူရင် ကိုယ်ဝမ်းနည်းရလိမ့်မယ်။

ဝင်လာမယ်ဆိုရင်လည်း ရဲရဲကြီး ခြေလှမ်းခဲ့ပါ။
ထွက်သွားချင်တယ်ဆိုရင်လည်း မင်းသဘောပါပဲ။
မင်းစိတ်နဲ့ ငါ့ခန္ဓာ ဖွဲ့စည်းတည်ဆောက်ထားတာမို့
မင်းဖြစ်စေချင်တဲ့ ဥပဒေကို မင်းပဲ ထုတ်ပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

မင်းပြန်လာမယ်ဆိုရင်
ဘယ်တုန်းက မှ သော့မခတ်ထားပါဘူး။
မင်းသာ နေချင်သေးတယ်ဆိုရင်
ကိုယ့်ကမ္ဘာလေးထဲ လက်ကမ်းလို့ ကြိုပါ့မယ်။

ပြန်လာဖို့ ကောင်းပြီ အချစ်ရယ်၊
ကိုယ့်ဆီကနေ အဝေးကို ထွက်ပြေးနေခဲ့တာ
အချိန်တွေ ကြာနေပြီမဟုတ်လား။
မင်းရှိခဲ့ဖူးတဲ့ အရပ်ဒေသလေးကို
မင်းပြန်လာတာပဲလေ။
ဘယ်သူက ဘာပြောမှာကို ကြောက်နေရတာလဲ။

ကိုယ့်ရဲ့ရင်ခွင်ဟာ မင်းရဲ့အိမ်ဖြစ်တာမို့ အချစ်ရယ်
မင်းအိမ်ကို မင်းပြန်လာတာပဲ။
ဘယ်သူ့ကို ဘာသောက်ဂရုစိုက်စရာ လိုနေသလဲ။

မျှော်ရတာလည်း မောလှပြီ။
လွမ်းနာကျနေရတာလည်း များလှပြီ။
ဒီလောက်ဆိုရင်. . .
မင်းနားခိုနေကျ နေရာလေးကို ပြန်လာဖို့ သင့်ပြီလေ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK 

# ချစ်ရတဲ့သူနဲ့ အတူတူ အိုမင်းသွားချင်တယ်

ဘယ်လိုသတ်မှတ်ချက်တွေကိုမှ ထပ်ပြီး မလိုအပ်တော့ပါဘူး။ ကျွန်တော် ပြိုလဲသွားတဲ့အချိန် ကျွန်တော့်ဘေးနားမှာ အဆုံးအထိ ရှိနေပေးနိုင်မဲ့သူကိုပဲ လိုချင်ပါတော့တယ်။

ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ကျွန်တော့်လက်ကို ဘယ်တော့မှ မလွှတ်ဘဲ အတင်းဖမ်းဆုပ်ထားမဲ့သူမျိုးပေါ့။

အခုရော နောက်ရော ကျွန်တော်မှ ကျွန်တော်ဖြစ်တဲ့ လက်တစ်စုံကိုပဲ အဆုံးအထိ ချစ်သွားချင်ပြီ။

ကျွန်တော်နဲ့ပတ်သက်သမျှ အရာရာတိုင်းကို အသေးအမွှားလေးကအစ လိုက်ခံစားပေးနိုင်ရင်ကို ကျွန်တော် ကျေနပ်ပါပြီ။

သိတဲ့အတိုင်းပဲ။ ကျွန်တော်က သိပ်ပြိုလဲတတ်တဲ့ကောင်။ ဒါကြောင့် ကျွန်တော်ဝမ်းနည်းရတဲ့အချိန်တိုင်း ကျွန်တော့်ကို အားပေးမဲ့သူ၊ ကျွန်တော့်ကို ပျော်ရွှင်စေနိုင်မဲ့သူကို ကျွန်တော် လိုအပ်တယ်။

အဲဒီလိုမျိုး တစ်စုံတစ်ယောက်ရှိလာခဲ့ရင်လည်း ကျွန်တော် လက်လွှတ်ခံမှာ မဟုတ်ဘူး။

သူ့ကို အဆုံးအထိ ယုံပေးပြီး သစ္စာရှိသွားမယ်။ သူ့ကိုပဲ ချစ်ပေးပြီး သူနဲ့ပဲ လက်တပ်သွားချင်တယ်။ ကျွန်တော့်ရဲ့ ရှင်သန်ခြင်းတွေဟာ သူ့အတွက်ပဲဖြစ်ပြီး သူနဲ့ အတူတူပဲ အိုမင်းသွားချင်တယ်။

◆ ◆ ◆

mgyoe.com

mgyoe.com
SAMPLE BOOK

## ကိုယ့်ကို သတိရပေးလို့ ကျေးဇူးတင်ပါတယ်

သတိရတဲ့အချိန်တိုင်း message လေးတွေ ပို့ပေးလို့ ကျေးဇူးတင်ပါတယ်။ စာတိုလေးတစ်စောင်ပဲ ဖြစ်ပါစေ၊ အနည်းဆုံးတော့ စိတ်ထဲမှာ နွေးထွေးသွားရပါတယ်။ စားကောင်းတာလေးတွေ တွေ့တိုင်း သွားစားဖို့ Mention တာတွေအတွက် ကျေးဇူးတင်ပါတယ်။ စားတာ မစားတာ အပထား၊ အနည်းဆုံးတော့ သတိတရ ရှိပေးတဲ့အတွက် ရင်ထဲမှာ ကျေနပ်ရပါတယ်။

လိုင်းပေါ်က Trip Review တွေ တွေ့တိုင်း Mention ခံရလို့ ကျေးဇူးတင်ပါတယ်။ ဘော်ဒါတွေ မစုံလို့ သွားဖြစ်တာ၊ မသွားဖြစ်တာ အသာထား၊ အနည်းဆုံးတော့ အတူသွားမဲ့ ဘော်ဒါတွေထဲ ပါခွင့်ရလို့ အရမ်းပျော်ပါတယ်။ ဟာသလေးတွေ တွေ့တိုင်း Tag တွဲပြီး Mention ပေးလို့ ကျေးဇူးတင်ပါတယ်။ အနည်းဆုံးတော့ ငါ့ကို သတိရသားပဲဆိုတဲ့စိတ်နဲ့ ကြည်နူးရပါတယ်။

မူးနေတဲ့အချိန် သတိရပေးလို့ ကျေးဇူးတင်ပါတယ်။ အနည်းဆုံးတော့ အသိစိတ်ထောင့်တစ်နေရာက သတိရခြင်းတွေမှာ ပါဝင်ခွင့်ပေးလို့ ဝမ်းသာရပါတယ်။ ဘယ်ကိုသွားသွား လိုက်ခဲ့ဖို့ ခေါ်တာတွေအတွက် ကျေးဇူး

mgyoe.com

mgyoe.com
SAMPLE BOOK


တင်ပါတယ်။ လိုက်တာ မလိုက်တာ ဘေးဖယ်ထား။ အနည်းဆုံးတော့ ဘောင်ဝင်တယ်ဆိုတဲ့ ခံစားချက်လေးနဲ့ ပီတိဖြစ်ရပါတယ်။ လူတစ်ယောက်ကို ပျော်ရွှင်ကြည်နူးအောင် လုပ်ဖို့က ရွှေ၊ ငွေ၊ စည်းစိမ်တွေ ရှိမှ မဟုတ်ပါဘူး။

'သူ့ကို သတိတရရှိနေတယ်'ဆိုတဲ့ အပြုအမူလေးတွေပဲ လိုအပ်တာပါ။ Share ပြီး Tag တွဲတာလေးတစ်ခု၊ သူ့နာမည်လေးထည့်ပြီး Mention ပေးလိုက်တာလေးတစ်ခုကအစ သူ့ကို ဘောင်ဝင်တယ်ဆိုတဲ့ စိတ်ခံစားမှုလေးကို ဖြစ်စေပြီး ရင်ထဲမှာ ပျော်နေစေမှာပါ။

အဓိက သူလိုချင်တာ 'သူ့ကို အလေးနက်ထားပြီး သတိတရရှိတယ်' ဆိုတဲ့ စိတ်ကလေးတစ်ခုရယ်ပါ။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK

## အမည်တပ်ရခက်တဲ့ ချစ်ခြင်းတစ်ခု

တရားဝင် ချစ်တယ်လို့ ပြောမှ ချစ်သူတွေ ဖြစ်ရတာ မှန်ပေမယ့် ချစ်သူတွေမဟုတ်လည်း သတိရတယ်ဆိုတဲ့ စကားတွေ ပြောလို့ရတာပဲ မဟုတ်ဘူးလား။ ချစ်တယ်ဆိုတာမျိုးက ဖွင့်ထုတ်ပြစရာ မလိုဘဲ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်သိနေရင်ရော မဖြစ်နိုင်ဘူးလား။ သဝန်တွေ တိုချင်ရင် တိုပစ်မယ်၊ စိတ်တွေ ကောက်ချင်ကောက်ပစ်မယ်၊ သတိရတိုင်း မက်ဆေ့ချ်တွေ အပြန်အလှန် ပို့မယ်။

"ညအိပ်ရင် စောင်ကို သေသေချာချာ ခြုံအိပ်နော်၊ အရမ်းလည်း သတိရနေတယ်"

"ဒီည စောစောအိပ်နော်၊ Game တွေလည်း သိပ်မဆော့နဲ့တော့၊ မျက်လုံးတွေ ထိခိုက်ကုန်လိမ့်မယ်"

သိပ်ချစ်တယ်ဆိုတဲ့ အကြောင်းတွေကလွဲရင် တစ်ယောက်နဲ့တစ်ယောက် ပို့တဲ့ Message တွေမှာ မဆီမဆိုင် ထည့်ထားတဲ့ စာသားတွေကို ကြည့်ရင်း ရင်ခုန်နေရတာ ဘယ်လောက်တောင် ကောင်းလိုက်လဲ။

mgyoe.com

mgyoe.com SAMPLE BOOK



မပိုင်ဆိုင်ရသေးတော့ ခံစားရသက်သာတယ်။ သဝန်တိုစရာတွေ မရှိသေးတော့ ပူလောင်ရတာ ကင်းတယ်။ ချုပ်ချယ်စရာတွေ မပါသေးတော့ လွတ်လွတ်လပ်လပ်နဲ့ သက်သောင့်သက်သာ ဖြစ်တယ်။ ရှေ့ဆက်တိုးရင်တော့ တရားဝင်ချစ်သူဘဝကို ရောက်သွားနိုင်တယ်။

ဒါပေမဲ့ အဲဒီအခိုက်အတန့်မှာ တဖြည်းဖြည်းနဲ့ ပူလောင်စရာတွေ ပေါ်ပေါ်လာတော့တယ်။ နာကျင်စရာတွေ များများလာနိုင်တယ်။ သူငယ်ချင်းတွေက မင်းတို့က ဘာတွေလဲဆိုပြီး မေးလာတဲ့အခါ 'ဒီအတိုင်းလေး ခင်ကြတာပါကွာ'ဆိုတဲ့ စကားလေးကို မလုံမလဲ ပြောရင်း ဘယ်လိုအမည်ပေးရမှန်း မသိတဲ့ ချစ်သူဘဝလေးကို ပိုင်ဆိုင်နေလိုက်ကြမယ်ဆိုရင်ရော. . ။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

## မချစ်ဘဲ မနေနိုင်ပါဘူး

ကိုယ်အတွက်တော့ မင်းက အသက်လေး နည်းနည်းလောက် ကွာတဲ့ ကလေးမလေးပေါ့။ ဒီကလေးမလေးနဲ့ ပတ်သက်လာရင် ဟောဒီကောင်ကြီးက အလျှော့လည်း ပေးရတယ်။ အလိုလည်း လိုက်ရတယ်။ ဂရုလည်း စိုက်ရတယ်။ ပြီးတော့ အရမ်းလည်း ချစ်ပေးရသလို မထင်ရင် မထင်သလို ဆိုးတာလေးတွေကိုလည်း ဆုံးမရသေးတယ် မဟုတ်လား။

'ဘာလဲ ကလေးကို မချစ်ဘူးလား'တဲ့။ ဒီစကားလုံးလေးတွေနဲ့ပဲ အနိုင်ယူခဲ့တာတွေ တော်လောက်ပြီ ထင်ပါတယ်ကွယ်။

ဒီလူကြီးဟာ ဒီကောင်မလေးကို ဒီ့ထက်မက ချစ်လွန်းလို့ အများကြီးလိုက်လျောပေးနေတာကို မြင်ရဲ့သားနဲ့ အဲဒီကလေးကလည်း ဆိုးတယ်။ ဟောဒီကောင်ကြီးကလည်း အရမ်းချစ်လွန်းတယ်။

ဘယ်လောက်အထိ ချစ်လဲဆိုရင် ဒီကလေးမလေးရဲ့ တစ်နေ့တာဘာတွေလုပ်တယ်၊ ဘယ်တွေသွားတာကအစ သိချင်နေတာမျိုး။ အဲဒီကောင်မလေးရဲ့ ယောကျ်ားလေး သူငယ်ချင်းမှန်း သိသိကြီးနဲ့ကို ခိုးပြီး သဝန်တိုနေရ

mgyoe.com

mgyoe.com SAMPLE BOOK 

တာမျိုး။ အကျင့်ပုပ်လေးလို့ ပြောရင် စိတ်ဆိုးနေဦးမလား ကလေး။

စိတ်ကောက်တဲ့ အချိန်တိုင်း ကိုယ့်ကို အဆက်အသွယ်ဖြတ်ပြီး Block နေတာလေးတွေ ရပ်တော့။ ရန်ဖြစ်တိုင်း ဆက်နေတဲ့ဖုန်းကိုတောင် မကိုင်တာ ဘယ်လောက်အထိ စိတ်ပူနေရလဲ သိရဲ့လား။

နောက်ဆုံးတော့လည်း ဒီကောင်ကြီးကပဲ မနေနိုင် မထိုင်နိုင် ဆက်သွယ်ရတယ်။ တောင်းပန်ရတယ်။ ဒီထက်ပိုပြီးတော့ ပိုပိုပြီး ချစ်နေရတာပဲလေ။ ဟောဒီကကောင်လေးရဲ့ အချစ်ဟာ ဟောဒီကကောင်မလေးအတွက်ပဲ ဖြစ်တည်နေတာ မဟုတ်လား။ ကိုယ်က မင်းကို မချစ်ဘဲမှ မနေနိုင်တာပဲကွယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## မိန်းကလေးတစ်ယောက် Crush တဲ့အခါ

ဘယ်သူစိမ်းယောက်ျားလေးကိုမှ အောက်ကျခံပြီး စကားစမပြော တဲ့ ကိုယ်က မင်းဆီမှာတော့ စကားလုံးလေးတွေ ဖောင်ဖွဲ့ရင်း ကိုယ်ပဲ စတင် မိတတ်တယ်။ တော်ရုံလူ လာပြောတဲ့ စကားလုံးတွေက ကိုယ့်စိတ်ကို အနှောင့် အယှက်တွေဖြစ်စေပေမယ့် မင်းဆီကလာတဲ့ Reply လေးတွေမှာတော့ ကိုယ် ထခုန်မတတ် ပျော်ရပါတယ်။

"မင်း ကိုယ့်ကို စကားတွေ ပြောချင်ပါ့မလား"

"မင်းအတွက် ကိုယ်က စိတ်အနှောင့်အယှက် ဖြစ်နေမလား" ဆိုတဲ့ အတွေးတွေက အပြန်ပြန်အလှန်လှန် တွေးရင်း ကိုယ်ရဲ့ ညတွေမှာ မျက်ရည် လေးတွေ ခိုးကျရတယ်။

ဘယ်သူသိနိုင်မှာလဲ။ ကိုယ့်ဆီမှာ Typing ရိုက်ပြီးမှ မင်းဆီကို မပို့ ဖြစ်ခဲ့တဲ့ စာလေးတွေ အရမ်းများခဲ့တယ်ဆိုတာပေါ့။ မင်းခွင့်ပြုမယ်လို့ မထင် ပေမယ့် မင်းပုံလေးကို Wallpaper မှာ တင်ထားဖူးတယ်။

ကိုယ့်အတွက် ကျေနပ်စရာ ကမ္ဘာလေးဆိုတာ မင်း Wall ထဲ သတိ

mgyoe.com

mgyoe.com SAMPLE BOOK 

ရတာနဲ့ ဝင်ကြည့်နေတာမျိုး။ ကိုယ်နိုင်သလောက် မင်း Post လေးတွေအောက်မှာ နေမယ်။ မင်း my day လေးတွေကို ခိုးခိုးကြည့်ရင်း Love React လေးတွေ အများကြီးပေးထားခဲ့မယ်။

ဒါဟာ ကိုယ့်ရဲ့ နိစ္စဓူဝလေးတွေ။ မင်းနဲ့ ကိုယ်နဲ့က ဘာမှမဆိုင်သေးပေမယ့် မင်းရဲ့ Comment အောက်က မိန်းကလေးတွေအကြောင်း စုံစမ်းထောက်လှမ်းရင်း သဝန်တွေတိုနေရတာတွေ မနည်းဘူးပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ်ဟာ အချစ်ရေးမှာ တစ်ပန်းရှုံးနေပြီးသားပါ။

ကိုယ်ချစ်တဲ့သူကို 'ချစ်တယ်'လို့ စပြောဖို့အရေး မဝံ့မရဲ ဖြစ်ရတယ်။

'မင်းကိုချစ်တယ်'ဆိုတဲ့ စိတ္တဇနာမ်လေးတစ်ခုကို မြင်သာအောင် ထုတ်ပြဖို့အရေး ကိုယ့်မှာ အားအင်တွေပါ ကုန်ခန်းနေရော။

ကိုယ့်ချစ်ခြင်းတွေကို မင်းသိသာအောင် သွယ်ဝိုက်ပြီး ပြနေရတာ။ ကိုယ့်ရဲ့ မေတ္တာတရားက မင်းအတွက်တော့ ဘောင်မဝင်ဘူးထင်ပါရဲ့။ မင်းအတွက် ရည်ရွယ်ထားတဲ့ ကိုယ့်ရဲ့ Feel Status တွေ၊ Share Post တွေက အလဟဿ။ ကိုယ်ချစ်နေတာကို မင်းက သိသိကြီးနဲ့ ချေလိုက်တဲ့အခါ ကိုယ့်ရဲ့ မာနလေးတွေက တစ်စစီ ပြိုကွဲသွားတယ်။

ကိုယ်ဟာ မိန်းကလေးတစ်ယောက် ဖြစ်တယ်။ အဲဒီစိတ်နဲ့ပဲ မင်းဆီကို ချပြလို့မရတဲ့ ကိုယ့်အချစ်တွေ တိတ်တခိုးလေး လေးနက်နေရုံမှတစ်ပါး ပေါ့။

◆◆◆

mgyoe.com